# ဒုဇ္ဇန (Dujjana) အတွက် အမှာစာ

ရုပ်ရှင်ဆိုလျှင် တကယ့်မှုခင်းအဖြစ်အပျက်များကို ပြန်လည် ရိုက်ကူးထားသော ဒေါက်ကူမန်ထရီ (Documentary) များကိုသာ ပိုမိုနှစ်သက်တတ်သော ကျွန်မအား ခင်ပွန်းဖြစ်သူမှ ယခု ဒုဇ္ဇနစာအုပ်ကို ရေးသားရန် အကြံပေးခဲ့သည်။ ထိုအကြံအတိုင်း ကျွန်မ လုပ်ဆောင်ခဲ့ရာ ယခုစာအုပ်အား ဆယ်ရက်အတွင်း ရေးသားပြီးမြောက်ခဲ့ပါသည်။

ဒုဇ္ဇန ဟူသော အနက်သည် ပါဠိစကားဖြစ်ပြီး (သူယုတ်။ လူယုတ်မာ။ မသူတော်) ဟု အဓိပ္ပာယ်ထွက်ပါသည်။ ဝလသ ဟူသည့် အနက်သည်လည်း (သူယုတ်)ကို ညွှန်းသော စကားဖြစ်သောကြောင့် ဆင်တူပါသည်။ ယခုစာအုပ်အား ဒုဇ္ဇန ဟု အမည်ပေးခဲ့ပြီးမှ (လူသတ်သမား) များအကြောင်းကို ရေးထားသော စာအုပ်မှန်း မသိမည်စိုးသောကြောင့် ပါဏာတိပါတာပ ယန္တ (အသက်ကို သတ်သောသူ) ဟု ပေးလျှင် ကောင်းမလားဟု စဉ်းစားမိခဲ့သေးသည်။ ပါဠိနှင့် ဝေးသော သူများအတွက် ဖတ်ရန် အခက်အခဲဖြစ်မည်စိုးသောကြောင့် တိုတိုတုတ်တုတ် ဒုဇ္ဇန (ဒုဇ္ဇန) ဟုသာ ပေးဖြစ်ခဲ့ပါသည်။ အင်္ဂလိပ်ဘာသာဖြင့်ဆိုမူ Dujjana ဟု ရေးမည်ထင်ပါသည်။

ယခုစာအုပ်တွင် ကမ္ဘာကျော်သော / မကျော်သော ကွင်းဆက် လူသတ်သမားများအကြောင်းများထဲမှ အချို့ကို စုစည်းတင်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ကွင်းဆက်လူသတ်သမားများသည် ရှိသည်ဟုဆိုနိုင်သော်လည်း ဖော်ပြနိုင်ခြင်းငှာ မစွမ်းပါပေ။ ထိပ်တန်းမှုခင်းမှတ်တမ်းများ ဖြစ်သောကြောင့်လည်းကောင်း၊ ပြည်သူများသို့ ထုတ်ပြလေ့မရှိသော အကြောင်းအချက်များဖြစ်သောကြောင့်လည်းကောင်း အလွယ်တကူ ရှာဖွေနိုင်ခြင်း မရှိသောကြောင့် မြန်မာပြည်မှ ကွင်းဆက်လူသတ်သမား အချို့အား ထည့်သွင်းရေးသားနိုင်ခြင်း မရှိပါ။ သို့သော် လူသတ်သမားများသည် အကျိုးအကြောင်း ဘာမှမရှိ (ဘာရန်ငြိုးမှမရှိဘဲ)နှင့်လည်း လူသတ်တတ်သော သဘောရှိသောကြောင့် သတိချပ်နိုင်ကြစေရန်အတွက် ယခုစာအုပ်အား ရေးသားပြုစုခြင်းဖြစ်ပါသည်။

ကွင်းဆက်လူသတ်သမားများ မည်သို့ ဖြစ်လာသည် ဆိုသည့်အခြေခံအချက်များအား ယခုအမှာစာ၏ အနောက်တွင် ဖော်ပြထားသောကြောင့် ဖတ်ရှုနိုင်ပါသည်။ ကွင်းဆက်လူသတ်သမားများ အများစုသည် ပင်ကိုဉာဏ်ရည်သော်လည်းကောင်း၊ ရုပ်ရည်သော်လည်းကောင်း၊ အပြောအဆိုအရာတွင်လည်းကောင်း အများတကာထက် ထူးကဲတတ်သော သဘောရှိသည်ကိုလည်း သတိချပ်ကြစေလိုသောကြောင့် လူသတ်သမားများ၏ ဓာတ်ပုံများထဲမှ ကြည့်အကောင်းဆုံးဖြစ်မည့် ဓာတ်ပုံများကို ထည့်သွင်းအသုံးပြုထားပါသည်။ ရုပ်ရည်သန့်ပြန့်သဖြင့်၊ စကားပြောပြေပြစ် သဘောကောင်းသဖြင့်၊ ဉာဏ်ရည်ထက်မြက် ကျန်းမာသန်စွမ်းသဖြင့်၊ ကရုဏာစိတ်ပြည့်ဝသယောင် ထင်ရသဖြင့်၊ ပတ်ဝန်းကျင်အမြင်တွင် အလှူအတန်းရက်ရောသဖြင့် ... သူစိမ်းတစ်ရံဆံများအား မိမိအနီးသို့ အလွယ်တကူချဉ်းကပ်မနေနိုင်အောင် သတိပြုမိကြစေရန် တမင်အသုံးပြုထားခြင်းဖြစ်ပါသည်။ အမြင်အားဖြင့် မည်သို့ပင် လှပညက်ညောနေပါစေ၊ အတွင်းစိတ်၌ မည်သူမည်သို့ဖြစ်နေမည်ကို သိနိုင်မည်မဟုတ်သောကြောင့် အမြင်ဖြင့် လူတစ်ဦးအား မဆုံးဖြတ်မိကြစေရန် ရည်ရွယ်ပြီး ပြုစုလိုက်ခြင်းဖြစ်ပါသည်။

ကွင်းဆက်လူသတ်သမားများအား ၎င်းတို့၏ အကျဉ်းချုပ်၊ ငယ်ဘဝ၊ ထရော်မာများ၊ ကျူးလွန်ပုံနှင့် ဖမ်းဆီးရမိပုံ၊ စီရင်ချက်ချပုံနှင့် ဆေးပညာသုံးသပ်ချက် စသဖြင့် အချက်များ စီကာ ပြုစုထားပါသည်။ အချို့သော လူသတ်သမားများသည် အကြောင်းအချက် အားနည်းသောကြောင့် အပြည့်အစုံ မတင်ပြနိုင်သည်ကိုလည်း နားလည်ပေးနိုင်ကြမည် မျှော်လင့်ပါသည်။

ကျွန်မဖတ်မှတ်မိသလောက် ပြန်ပြောရပါက ကွင်းဆက်လူသတ်သမားများအား ထောက်လှမ်းရာတွင် Investigation Profile အရင် တည်ဆောက်ရသည်ဟု မှတ်သားဖူးသည်။ အဆိုပါ Investigation Profile တွင် ..

၁။ Victimology

၂။ Basic Investigation

၃။ Modus Operandi

၄။ Signature စသည့် အချက်လေးချက်ဖြင့် ဖွဲ့စည်းထားသည်ဟု အကြမ်းဖျဉ်း သိနိုင်သည်။ ထပ်မံစိတ်ဖြာရပါက

Victimology ဆိုသည်မှာ Killing method ဟု အလွယ်ဆိုနိုင်သော (လူသတ်သမားသည် ) မည်သို့မည်ပုံ သတ်သည်ဆိုသည့်အချက်အား အဦးဆုံး လေ့လာရသည့် အပိုင်းဖြစ်ပါသည်။ ကွင်းဆက်လူသတ်သမားများသည် မိမိကျွမ်းကျင်ရာ ပုံစံတစ်မျိုးတည်းဖြင့်သာ ကျူးလွန်လေ့ရှိတတ်ကြပြီး မိမိသတ်ခဲ့သော သူများအားလုံးအား မိမိကျွမ်းကျင်ရာ (လက်နက်တစ်ခုခုဖြင့်သော်လည်းကောင်း၊ ကိုယ်ကာယသုံး၍သော်လည်းကောင်း) သတ်ဖြတ်တတ်ကြသည်။ သတ်သော ပုံစံများအားလုံးသည်လည်း တစ်ထပ်တည်း မတူညီလျှင်တောင် အနည်းငယ်မျှသာ ကွဲပြားခြင်းရှိတတ်သောကြောင့် ကျူးလွန်ခံရသူအား မည်သို့သတ်သွားသည်ဆိုသည့်အချက်ကို လေ့လာရသည့် ဘာသာရပ်ဟု အလွယ်မှတ်နိုင်ပါသည်။

Basic Investigation ဆိုသည်မှာ ကျူးလွန်ခံရသူများ၏ အသက်၊ လိင်အမျိုးအစား၊ လူမျိုး၊ အလုပ်အကိုင်၊ အသားအရောင်၊ ရုပ်ရည်နှင့် ၎င်းတို့၏ ရင်းနှီးဆက်နွယ်မှုများ (Relationships) တို့ကို လေ့လာရခြင်းဖြစ်သည်။ ဥပမာအားဖြင့်ဆိုရမူ ယခုစာအုပ်တွင်ပါသော Ted Bundy သည် အသက်ငယ်ငယ်၊ ပိန်ပိန်သွယ်သွယ်၊ ဆံပင်ရှည်ရှည် မိန်းကလေးများအား သတ်လေ့ရှိသည်။ ကွင်းဆက်လူသတ်သမား အများစုသည် ထိုသို့ စိတ်အစွဲတစ်ခုရှိတတ်သောကြောင့် သူတို့သတ်ခဲ့သော နစ်နာခဲ့ရသူများ (Victims) ၏ အခြေခံအချက်များကို မှန်းဆသုံးသပ်ရခြင်း ပညာကို အခြေခံ စုံစမ်းထောက်လှမ်းခြင်း (Basic Investigation) ဟု ခေါ်ပါသည်။

Victimology နှင့် Basic Investigation နှစ်မျိုးအားပေါင်းစပ်ပြီး Victim Profile တည်ဆောက်ခြင်းလုပ်ငန်းကို စတင်ရပါသည်။

ထို့နောက် နံပါတ်သုံးဖြစ်သည့် Modus Operandi ကို သုံးသပ်ရပါသည်။ Modus Operandi အား အတိုကောက် (M.O) ဟု ခေါ်ကြသည်။ လူသတ်ပုံသတ်နည်းဖြစ်ပါသည်။ လည်ပင်းညှစ်သတ်ခဲ့သည်လား၊ ဓားဖြင့် အချက်ပေါင်း များစွာ ထိုးသည်လား၊ ချုပ်နှောင် နှိပ်စက်ပြီးမှ တမြည့်မြည့် သတ်သည်လား ... စသဖြင့် လေ့လာရခြင်း ဖြစ်ပါသည်။

နံပါတ်လေးဖြစ်သည့် Signature ဆိုသည်မှာ လက်မှတ်ထိုးခြင်းကို ခေါ်ပါသည်။ စာချုပ်များတွင် လုပ်ငန်းရပ်တစ်ခုခု ပြီးဆုံးပြီဆိုပါက လက်မှတ်ထိုးကာ ပြီးဆုံးကြောင်း အတည်ပြုသကဲ့သို့၊ စာအုပ်တစ်အုပ်ထွက်လျှင် စာရေးသူ၏လက်မှတ်များထိုးကာ စာအုပ်တစ်အုပ် အောင်မြင်စွာ ပြီးဆုံးသွားကြောင်း အသိအမှတ်ပြုသကဲ့သို့ပင် ကွင်းဆက်လူသတ်သမားများသည်လည်း ထိုသို့ လက်မှတ်ထိုးခြင်းအမှုကို ပြုတတ်ပါသည်။ ဥပမာအားဖြင့် ကျွန်မတို့ Thriller ရုပ်ရှင်အချို့တွင် တွေ့ရဖူးသကဲ့သို့ မိမိသတ်ဖူးသော လူများ၏ ခန္ဓာကိုယ်ပေါ်တွင် နှင်းဆီပွင့်လေးတစ်ပွင့် တင်သွားခြင်း၊ နံရံတွင် သွေးဖြင့် စာရေးသွားခြင်း စသည့် အမှတ်အသားများသည် ကွင်းဆက်လူသတ်သမားများ၏ Signature ထိုးနည်းပင်ဖြစ်သည်။ ဆိုရပါမူ မိမိသတ်ခဲ့သောသူ၏ လက်ကလေးတစ်ချောင်းအား ဖြတ်ခဲ့ခြင်း၊ အဝတ်အပိုင်းအစလေးတစ်ခု ဖြတ်ယူသွားခြင်း စသည့် အချက်များသည် ကွင်းဆက်လူသတ်သမားများမှ သူတို့၏လုပ်ငန်း အောင်မြင်ပြီးဆုံးသွားကြောင်း ဂုဏ်ယူစွာ ပြုလုပ်သွားသည့် အထိမ်းအမှတ်တစ်ခုဟု ဆိုနိုင်ပါသည်။ များသောအားဖြင့် လက်မှတ်ထိုးခြင်းအမှုကို ပထမဆုံး သားကောင်ဖြစ်ရသူများထံတွင် အတွေ့ရနည်းတတ်ပြီး ဒုတိယသားကောင်မှစကာ ထိုလူသတ်သမားအား ဖမ်းမမိခင်အချိန်အထိသော်လည်းကောင်း၊ ဆန္ဒရှိသလောက် သတ်ပြီးသည်အထိသော်လည်းကောင်း ခံရသော သားကောင်များတွင် တွေ့ရတတ်သည်ဟု ဆိုပါသည်။

အဆိုပါ အချက်များအားလုံးအား ပေါင်းစည်းပြီး Investigation profile တည်ဆောက်သည်ဟု ခေါ်ကြောင်း ဖတ်မှတ်ရဖူးပါသည်။ သို့သော် ကျွန်မသည် စာရေးသောသာမန်လူတစ်ယောက်သာဖြစ်ပြီး အဆိုပါ မှုခင်းကိစ္စရပ်များတွင် ထူးချွန်ကျွမ်းကျင်နေသော ပုဂ္ဂိုလ်မဟုတ်သောကြောင့် ကျွန်မ ဖတ်မှတ်ရဖူးသော အချက်များသည် မှားယွင်းကောင်း မှားယွင်းနေနိုင်ပါသည်။ နားလည်တတ်ကျွမ်းသူများမှ ဝေဖန်သုံးသပ်ပေးကြရန်သာဖြစ်ပါသည်။

ယခုစာအုပ်တွင် ဖြစ်ရပ်မှန်မှုခင်းအကြောင်းအရာများစွာ ထည့်သွင်းထားပြီး မှုခင်းဓာတ်ပုံအစစ်များကိုလည်း အသုံးပြုထားသောကြောင့် ..

၁။ ၂၁ နှစ် မပြည့်သေးသောသူများ

၂။ ကိုယ်ဝန်ဆောင်မိခင်များ

၃။ သွေးနသားန မီးဖွားပြီးစ မိခင်များ

၄။ စိတ်ကျန်းမာရေး မကောင်းသောသူများနှင့်

၅။ စိတ်ဝေဒနာ ခံစားနေရသူများ .... မဖတ်ကြပါရန် မေတ္တာရပ်ခံပါသည်။ မှုခင်းများကို အားပေးသော စာအုပ်မဟုတ်ဘဲ မှုခင်းများကို မကြုံဆုံကြစေရန် ကြိုတင်သတိပေးလိုသော စာအုပ်ဖြစ်ပါသောကြောင့် ဗဟုသုတအဖြစ်သာ ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ပါသည်။

ဒုဇ္ဇနများရန်မှ ကင်းဝေးကြပါစေ။ ဘုရားသခင် ကောင်းချီမင်္ဂလာ ပေးခြင်းခံရပါစေ။

ဆုတောင်းခြင်းဖြင့် ..

**ချိုပိန်းနောင် (စာရေးသူ)**

**၂၈ ရက်၊ ဒီဇင်ဘာ ၂၀၂၀ ခုနှစ်။ မနက် ၂ နာရီ ။**